စစ်ကုန်းကျေးရွာ

အင်းတရော်အုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

---

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စစ်ကုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဒီဇင်ဘာလ၊ ၂၀၂၂

# မာတိကာ


မာတိကာ
အတိုကောက်စကားလုံးများ ၁
စကားချီး ၂
စစ်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃
စစ်ကုန်းကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆
(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့်၄င်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၅

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၈
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၈၀
**ကိုးကားစာရင်း**

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁/၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေး သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စစ်ကုန်းကျေးရွာ

ဇလွန်မြို့နယ်

## အင်းတရော်အုပ်စု၊ စစ်ကုန်းကျေးရွာ သယံဇာတပြမြေပုံ



အင်းတရော်အုပ်စု၊ စစ်ကုန်းကျေးရွာရာသီခွင်ပြက္ခဒိန်



စစ်ကုန်းကျေးရွာရာသီခွင်ပြ-ပြက္ခဒိန် - ဇလွန်မြို့

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | စိုက်ပျိုးရေး | ပဲသိမ်း | ပေါင်းဆွ | မျိုးကျဲ | စပါးစိုက် | ပေါင်းနှုတ် အစာကျွေး | အစာကျွေး | စပါးရိတ်သိမ်း | မတ်ပဲစိုက် | အားဆေးဖျန်း | မှိုသတ်ဆေးဖျန်း | ပိုးသတ်ဆေးဖျန်း | ရိတ်သိမ်း |
| ၃ | ကျန်းမာရေး | | | | | | | | | | | | |
| ၄ | မွေးမြူရေး | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် | ကြက် ဝက် |
| ၅ | ဝင်ငွေ၊ထွက်ငွေ | | | | | | | | | | | | |
| ၆ | ပွဲတော်များ | သင်္ကြန် | ညောင်ရေသွန်းပွဲ | | ဝါဆိုသင်္ကန်းကပ်ပွဲ | | | မီးထွန်းပွဲ | ကထိန်ပွဲ | | | | |
| ၇ | သောက်သုံးရေ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ |
| ၈ | အစားအစာဖူလုံမှု | ဖူလုံ | အသင့်အတင့် | အသင့်အတင့် | ဖူလုံ | ဖူလုံ | အသင့်အတင့် | ဖူလုံ | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | ဖူလုံ | ဖူလုံ |
| ၉ | သဘာဝဘေးအန္တရာယ် | | | | ရေကြီးရေလျှံ | ရေကြီးရေလျှံ | ရေကြီးရေလျှံ | | | | | | |
| ၁၀ | ရောဂါ | | | | အအေးမိ တုပ်ကွေး | အအေးမိ တုပ်ကွေး | | | [illegible] | | | | |

ရက်စွဲ- ၂၅-၁၁-၂၀၂၀

ရေးဆွဲသူ- ဦးစိုးလှိုင်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါ သည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်း အနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

စစ်ကုန်းကျေးရွာသည် ဇလွန်-ရှမ်းစုလမ်းမကြီး၏အနောက်ဘက်တွင်တည်ရှိပြီးဇလွန်မြို့နှင့် (၉)မိုင် (၂)ဖာလုံတွင် ကွာဝေးပြီး ဇလွန်မြို့နယ် နယ်နိမိတ်အဆုံးတွင် တည်ရှိပါသည်။ ဟင်္သာတ မြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသောကြောင့် ရှားခဲမြို့တို့နှင့် ဆက်သွယ်သွားလာရေး လွယ်ကူပါသည်။စစ်ကုန်းကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း၊ ကျပန်းလုပ်ငန်းတို့နှင့် ပြည်တွင်း၊ ပြည်ပ သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၃၀)အထက်

ရှိပြီး မိုးရာသီတွင် စိုက်ပျိုးရေးကို မိုးရေဖြင့် လုံလောက်ပါသည်။ လယ်ယာမြေများတွင် စပါး၊ မတ်ပဲ တို့ကို အဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုရပါသည်။ မိုးစပါးစိုက်ပျိုးချိန်ကာလတွင် ပန္နယား အင်း ပိတ်ဆို့မှုကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုနှင့် နှစ်ပေါင်းများစွာရင်ဆိုင်နေရပြီး အထပ်ထပ်စိုက်ပျိုးရသောကြောင့် ငွေကုန်ကျေးကျများမှုနှင့် ကြုံတွေ့နေရပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

စစ်ကုန်းကျေးရွာတွင် သစ်တောအသင့်အတင့်ရှိသောကြောင့် ထင်းများအလွယ်တကူ ရရှိပြီး ချက်ပြုတ်ရေးလုပ်ငန်းများ အလွယ်တကူအသုံးပြုနိုင်ပါသည်။ တွင်းထွက်သယံဇာတများ၊ သဘာဝ တိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သောကြောင့် နွားစာ၊ မြက်စာအတွက်လယ်ကန်သင်းရှိမြက်များကို အလွယ်တကူရရှိပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ ကျေးရွာတွင် ဆေးဖက်ဝင်အပင်များမှာ ဆင်နှာမောင်း၊ ကျိတ်မှန်ရွက်၊ ရှမ်းပြေးပင်၊ ထိကရုံး၊ လောက်သေရွက်အပင်များသာရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

စစ်ကုန်းကျေးရွာတွင် အိမ်ခြေ(၁၀၈)အိမ်၊ အိမ်ထောင်စု (၁၀၈)နှင့် လူဦးရေ (၃၄၅)ဦး၊ ကလေးငယ်အရွယ်(၉)%၊ ကျောင်းနေအရွယ်(၁၄)%၊ အလုပ်လုပ်နိုင်သော အရွယ်(၇၂)%၊ သက်ကြီး ရွယ်အို(၄)%ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၁၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း ၅ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာနှင့် ကရင် လူမျိုး(၂)မျိုး နေထိုင်ကြပါ သည်။ ကျေးရွာတွင် အမျိုးသား(၁၇၅)ဦး၊ အမျိုးသမီး(၁၇၀)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ် အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကိုထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစု အပိုဝင်ငွေ ရရှိရေး တစ်ပိုင်တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ် လုပ်ကိုင်ခြင်း၊ သုံးဘီးမောင်းခြင်း၊ ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်းအဓိကလုပ်ကိုင်သူ(၂၄)%၊ လယ်လုပ်ငန်းများတွင် ရာသီအလိုက်နေ့စား အလုပ်လုပ် ကိုင်သူ(၇၅)%၊ သုံးဘီးမောင်းသူ(၁)% ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေဧက(၁၉၈.၉)ဧကဖြစ်ကြောင်း၊ စားကျက်မြေ၊ ခြံမြေ၊ ယာမြေ၊ ကိုင်းမြေ၊ ဓနိတောမြေ၊ မြေလွတ်မြေလပ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု မရှိကြောင်း၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၃၇အိမ် (၃၄%)၊ မပြေလည်သော အိမ်ထောင်စု ၇၁အိမ်(၆၆%)၊ အလွန်မပြေလည်သော အိမ်ထောင်စုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ စစ်ကုန်းကျေးရွာတွင် အိမ်ထောင်စု(၁၀၈)အနက် မြေယာမဲ့(၇၆) %ရှိကြောင်း၊ ဆင်းရဲသားတောင်သူ(၅)% ရှိကြောင်း၊ တောင်သူငယ် အိမ်ထောင်စု(၂)%ရှိကြောင်း၊ စိုက်ပျိုးမြေယာဧက(၅)ဧကနှင့် (၁၂.၅)ဧက ကြား ပိုင်ဆိုင်သူတောင်သူလတ်အိမ်ထောင်စု (၁၆)%ရှိကြောင်း၊ စိုက်ပျိုးမြေယာဧက (၁၂.၅) ဧက အထက် ပိုင်ဆိုင်သူ တောင်သူကြီးအိမ်ထောင်စု (၂) %လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည် လယ်အားအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် လယ်စိုက်ပျိုးရေး သုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၁၄)စီး၊ ခြွေလှေ့စက် (၁)စီးနှင့်၊ ရေစုပ်စက် (၄)စီးရှိကြောင်း၊ လက်တွန်းထွန်စက်အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စု(၁၂)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

စစ်ကုန်းကျေးရွာရှိ အိမ်ထောင်စုပေါင်း(၁၀၈)အနက် (၃)လအောက် ဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍စားဝတ်နေရေးဖြေရှင်းနေရသော်အိမ်ထောင်စုပေါင်း (၂၁)အိမ်ရှိပြီး၊ အဆိုပါ(၂၁) အိမ်တွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၇)ဦးရှိကြောင်း၊ ဝမ်းစာမဖူလုံသော အိမ်ထောင် စုများမှာလည်း အသက်အရွယ်ကြီးရင့်၍အိုမင်းမစွမ်းသောအိမ်ထောင်စုများ၊ မိသားစုဝင်များပြားပြီး ကလေးငယ်များသော အိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရ ပါသည်။

စစ်ကုန်းကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု(၁)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စု(၄)စုသာရှိကြောင်း၊ မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ် အို(၆၄)နှစ်နှင့် အထက်အိမ်ထောင်စုများ၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များ၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုများ မရှိသောကြောင့် ကူညီစောင့် ရှောက်မှု အထူးလိုအပ်နေသော အုပ်စုများမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

စစ်ကုန်းကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသော အိမ်ထောင် စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက် သက်ရောက်မှု များမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ (၃)အောက် စားနပ်ရိက္ခာမဖူ လုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေ အနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှုပြင်းထန်သောမုန်တိုင်း၊လျှောင်ဒဏ်၊ မီးဘေး၊ သစ်တော ပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊

ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု၊ လူကုန်ကူးမှု စသည့် ထိခိုက်မှုမျိုး မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အိုးဘိုစုကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက်အုပ်စု ကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက် သက်ရောက်မှုနိမ့်ကြောင်း၊ လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက် ရောက်မှုအနည်းအကျဉ်းသာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

စစ်ကုန်းကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှု နည်းပါးပါသည်။ ရာသီချိန်များတွင် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ နှာစေးချောင်းဆိုးရောဂါဖြစ်ပွားမှု အနည်းအကျဉ်းရှိပါသည်။ ပုံ့နှံ့ကူးစက်မှု မရှိပါ။ ကျေးရွာနှင့် (၁)မိုင် (၆) ဖာလုံခန့်အကွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျေးရွာနှင့်(၂)မိုင်ခန့်အကွာတွင် ပျဉ်းမကုန်းတိုက်နယ်ဆေးပေးခန်းတို့ရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းစွာရရှိပြီး အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင် လွန်ခဲ့သော(၆)လမှ ယနေ့အထိ ကိုဗစ်ရောဂါကာကွယ်ဆေးများ ထိုးနှံနေကြောင်း၊ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် အင်းတရော်အုပ်စု၊ ပတ္တော်ကျေးရွာ ဗုဒ္ဓဝါဒီကျောင်းတိုက်ဆရာတော် ဦးခေမာစာရ ဦးစီးသော ပရဟိတကားမှ သယ်ယူပို့ဆောင်ပေးသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အကူအညီအလွယ်တကူရရှိကြောင်း၊ အာဟာရအနေဖြင့် မျှတစွာ ဖြည့်တင်းနိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

စစ်ကုန်းကျေးရွာတွင် စာမတတ်သူကျား(၂၁)ဦး၊မ(၁၁)ဦး၊ စုစုပေါင်း(၃၂)ဦး၊ (၉)%ရှိ ကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၁၁၆)ဦး၊ မ(၁၂၂)ဦး၊ စုစုပေါင်း (၂၃၈)ဦး၊ (၆၉)% ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၃၂)ဦး၊ မ(၂၆)ဦး၊ စုစုပေါင်း(၅၈)ဦး၊ (၁၇)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၇)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း(၁၈)ဦး၊ (၅)% ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၁)ဦး ၊မ(၂)ဦး၊ စုစုပေါင်း(၃)ဦး၊ (၁)% ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၁၂)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၂)ဦး၊ (၆)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၁)ဦး၊ မ(၄)ဦး၊ စုစုပေါင်း (၅)ဦး၊ (၁)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၁)ဦး၊ မ(၄)ဦး၊ စုစုပေါင်း (၅)ဦး၊ (၁)% ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၁)ဦး၊ မ(၂)ဦး၊ စုစုပေါင်း(၃)ဦး၊ (၁)%ရှိကြောင်း တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

စစ်ကုန်းကျေးရွာတွင် မူလတန်းကျောင်းရှိပြီး သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း ကျောင်းဆောင်ဖြစ်ပြီး ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆောက်အဦလုံလောက်မှုရှိကြောင်း၊ ဆရာ၊ ဆရာမ အင်အားအနေဖြင့် ကျား(၂)ဦး၊ မ(၃)ဦး၊ စုစုပေါင်း (၅)ဦးရှိပြီး၊ ဆရာ/တပည့် အချိုးကိုက်ညီမှုရှိကြောင်း၊ ကျောင်းတွင် အာဟာရအနေဖြင့် ကျေးရွာတွင်းရှိ မိဘ

ပြည်သူများ၊ ဆရာ/ဆရာမများနှင့် ဗုဒ္ဓဝါဒီကျောင်းဆရာတော် ဦးခေမာစာရတို့မှ နှစ်စဉ်နှစ်တိုင်း အလှည့်ကျကျွေးမွေးမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်စေပြီး သွက်လက်ထက်မြက်စေရန် အားကစားကွင်းမြေနေရာရှိသော်လည်း ကုန်ကျစရိတ်မတတ်နိုင်သောကြောင့် ကုန်ကျစရိတ်လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ (အ.မ.က)စစ်ကုန်းကျောင်းတွင် ကျား(၅)ဦး၊ မ(၅)ဦးဖြင့် ဖွဲ့စည်းထားသော ကျောင်းကော်မတီဝင်များရှိပြီး ဆရာ၊ ဆရာမများ၊ မိဘများနှင့် တွဲဖက်ပြီး ကျောင်း၏တိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းများဆောင်ရွက်နေကြောင်း၊မိဘပြည်သူများ၏စီးပွားရေးအခက်အခဲကြောင့် မူလတန်းအဆင့်ကျောင်းတက်နှုန်းနည်းပါးလာကြောင်း တွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

စစ်ကုန်းကျေးရွာရှိ ကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့် ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း ၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာသူ /ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင် ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည် လယ်လုပ်ငန်းတစ်မျိုးတည်းအဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်သဖြင့် လယ်လုပ်ငန်းများတွင် ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ (၅၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၅၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ (၄၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၄၀၀၀)ကျပ်ဖြစ်ကြောင်း၊ အမျိုးသားနှင့်အမျိုးသမီးများ ခွဲခြားဆက်ဆံမှုမရှိပဲ လုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ ကွာခြားသွားခြင်းဖြစ်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ကျား၊မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာသူ ကျေးရွာသားများသည် ကရင်လူမျိုးနှင့် ဗမာလူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ကျေးရွာစာသင်ကျောင်းသာရှိသဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦတောင့်တင်းခိုင်မာမှုအားနည်းပါသည်။

အိုးဘိုစုကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်းလူထုအခြေပြု အဖွဲ့အစည်းများမှာ မိဘဆရာအသင်း၊ ဝတ်ရွတ်အဖွဲ့၊ ဖူလတန်ငွေစုငွေချေးအဖွဲ့၊ ကိုရီးယားငွေစုငွေချေးအဖွဲ့၊ မဟာငွေစုငွေချေးအဖွဲ့၊ လယ်သမားအဖွဲ့တို့ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

စစ်ကုန်းကျေးရွာသည် စပါးနှင့်မတ်ပဲအားအဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး မိုးစပါး (၁၉၈.၉) ကေရှိပြီး (၁)ကေ ပျမ်းမျှအထွက်နှုန်း(၆၅)တင်း၊ မတ်ပဲ(၁၉၈.၉)ကေရှိပြီး (၁)ကေပျမ်းမျှ အထွက်နှုန်း (၁၀)တင်းထွက်ရှိကြောင်း၊ သီးနှံများအတွက် ပံ့ပိုးရသော သွင်းအားစု လိုအပ်ချက်မှာ ပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှု အကျိုးအမြတ်ရရှိမှုများမှာလည်း သင့်တင့်ကောင်းမွန်ကြောင်း၊ စပါးကို အဓိကထားအားထား စိုက်ပျိုးရာဒေသ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းကောင်းများမှာ လယ်အဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်မြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သော ဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်း အားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေး အတွက် လိုအပ်သော သွင်းအားစုရေကိုဧရာဝတီမြစ်မှတိုက်ရိုက် ရရှိနိုင်ခြင်း၊ လယ်မြေဆီမြေလွှာ ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်စက်များ၊ လက်တွန်းထွန်စက်များ၊ အစေ့ချစက်များ၊ ခြွေလှေ့စက်များ၊ ရေစုပ်စက်များ၊ မြက်ရိတ်စက်များဖြင့် အသုံးပြု၍ ထုတ်ကုန်များ ရရှိရန်အသုံးပြုပါသည်။ စိုက်ပျိုးရာတွင် ရာသီဥတုသင့်တင့်ခြင်း၊ စိုက်ပျိုးရေရရှိမှုပေါများကောင်းမွန်ပါသည်။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများလည်း စိုက်ပျိုးရေးအတွက် ရရှိပါသည်။ စိုက်ပျိုးရေးသုံးသီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားများကိုလည်း စိုက်ပျိုးရေးအတွက် ရရှိနိုင်ပါသည်။

စစ်ကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု (၁)အိမ် အကောင်ရေ(၁)ကောင်၊ မြင်းမွေးမြူသောအိမ်ထောင်စု(၃)အိမ် အကောင်ရေ (၃) ကောင်၊ ကြက်မွေးမြူသောအိမ်ထောင်စု (၅၀)အိမ် အကောင်ရေ (၃၀၀)ကောင်ရှိကြောင်း၊ ကျွဲ၊ မြည်း၊ လား၊ သိုး မွေးမြူသော အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ဘဲတစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ပတ်သက်၍ မွေးမြူကြခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေး တစ်ပိုင် တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ် လုပ်ကိုင်ခြင်း၊ သုံးဘီးမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါ သည်။ လယ်လုပ်ငန်းအဓိကလုပ်ကိုင်သူ(၂၄)%၊ လယ်လုပ်ငန်းများတွင်ရာသီအလိုက်နေ့စား အလုပ် လုပ်ကိုင်သူ (၇၆)%၊ စစ်ကုန်းကျေးရွာသည် ဇလွန်မြို့နှင့် (၉)မိုင် (၂)ဖာလုံကွာဝေးခြင်းတို့ကြောင့် လျှပ်စစ်မီး မရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်း လုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများ မရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

စစ်ကုန်းကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှု စနစ်၌ လယ် အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှထွက်ရှိသော အမှိုက်များ အား မြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက် ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော် လည်း ကျေးရွာအဆင့် သီးသန့်နေရာ စီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ် ပွားမှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်း များတွင် ဖျက်ပိုးကျရောက်မှု ဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန်သဘာဝမြေသြ ဇာသုံးစွဲမှု နည်းပါးပြီးအလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာအသုံးပြုလေ့ရှိကြောင်း ၊ စိုက်ပျိုး ရေးမျိုးကောင်း မျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

စစ်ကုန်းကျေးရွာတွင် လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်းပြား၅ဂဖြင့် ချေးယူသုံးစွဲကြပါသည်။ ကျေးရွာသူကျေးရွာ သားများအနေဖြင့် မိမိတို့၏ဝမ်းစာဖူလုံရေးအတွက် ငွေတိုးချေးသူများထံမှ အတိုးနှုန်း(၅)ကျပ်နှုန်း ဖြင့်လည်းကောင်း၊ အခြားဝန်ဆောင်မှုများအနေဖြင့် ကိုရီးယား၊ ဖူလတန်၊ မဟာချေးငွေ စသည့် ချေးငွေအဖွဲ့များရှိကြောင်း၊ ဆင်းရဲသားအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုမများသော်လည်း အထိုက်အသင့် အကြွေးတင်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

စစ်ကုန်းကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု (၄၅)အိမ်၊ ကိုယ်ပိုင်တွင်းမရှိ၍ ပေါင်းစပ်အသုံးပြုသူ အိမ်ထောင်စု (၆၃)အိမ်ရှိကြောင်း၊ တုံကင် တွင်းတို့မှ နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှု ရှိသော်လည်း ကျန်းမာသန့်ရှင်းသော သောက်သုံးရေအတွက် စက်ရေတွင်း အကောင်အထည် ဖော်ဆောင် ရွက်လိုကြောင်း လေ့လာတွေ့ရှိရှိရပါသည်။

စစ်ကုန်းကျေးရွာရှိ အိမ်သာသုံးစွဲမှုမှာ သန့်ရှင်းသောယင်လုံအိမ်သာ(၁၀၈)လုံးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ညံ့နေပါ သည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက်များကို စနစ်တကျမထားခြင်း၊ ပလတ်စတစ်အိပ်များ အလွယ်တကူစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံးဆေးဝါးများ လွန်ကျွံစွာသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံးဗူးခွံများအား လယ်/ကိုင်းထဲတွင် အလွယ်တကူ စွန့်ပစ်သည် များကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် လက်ကမ်းစာစောင်ပေးခြင်း၊ ကွင်းဆင်း၍ သင်တန်းများ ပို့ချသင့်ကြောင်း အကြံပြုအပ်ပါသည်။ ကျေးလက်ဦးစီးဌာနမှ ဆောင် ရွက်နေသော အမှိုက်ကင်းစင်စီမံကိန်း လုပ်ဆောင်ချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဆိုပါက ကျေးရွာယခုထက်ပို၍ သန့်ရှင်းသာယာလှပသောကျေးရွာဖြစ်လာမည်မှာအမှန်ပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

စစ်ကုန်းကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေး ဆိုင်ရာ ကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက် ကြကြောင်း၊ သက်ကြီးပူဇော်ပွဲများ နှစ်စဉ်ကျင်းပကြကြောင်း၊ ကျေးရွာတွင်းရှိလူငယ်လူရွယ်များ လူငယ်များအပန်းဖြေရန် နေရာမရှိ၍ ရွာပွဲတော်များတွင်သာ ဆင်နွှဲကြကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

စစ်ကုန်းကျေးရွာတွင် လွန်ခဲ့သော ၁၃၂၇ခုနှစ်တွင် ကျေးရွာဦးဆောင်သူ ဦးအောင်စံမြင့်မှ မတည်၍ ကျေးရွာသူကျေးရွာသားများ လုပ်အားစုပေါင်းပြီး ၁’x၂’x၂” ကျောက်ပြားအချပ်ရေ (၅၀၀) ခန့် ခင်းထား၍ အထိုက်အသင့် သွားလာရေးအဆင်ပြေသော်လည်း မိုးရာသီကာလ၌ ကျောက်ပြား များမှာ သေးလွန်းသောကြောင့် သွားလာရေးအခက်အခဲရှိပါသည်။ ရာသီမရွေးသွားလာရေးလွယ်ကူ စေသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံဆောင်ရွက်ပေးသော ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်သည့် လမ်းအကျယ် (၄’x၆”)၊ အရှည်(၁၈၁၅)ပေ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။ စစ်ကုန်းကျေးရွာတွင် ချောင်းကူးတံတား မရှိပါကြောင်း ကျေးရွာတွင်းလမ်းမှာ ပြွန်(၂)လုံးရှိပါကြောင်း တွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည် လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၉)အိမ် (၈)%၊ ဒီဇယ်အင်ဂျင်အသုံးပြုသူအိမ်ထောင်စု (၅)အိမ် (၅)%၊ ဘက်ထရီအသုံးပြုသူအိမ်ထောင်စု (၉၄)အိမ်၊ (၈၇) %နှင့် လျှပ်စစ်မီးအသုံးပြုသူအိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ လျှပ်စစ်မီး လင်းရေးဆောင်ရွက်ခွင့်ရပါက ကုန်ထုတ်လုပ်မှုအဆင့်အတန်းများ တိုးတက်မြင့်မားလာနိုင်မည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များရရှိရေး အတွက် ဖုန်း(၂၈)လုံး၊ ရေဒီယို(၃)လုံး၊ တီဗွီ(၁၆)လုံးရှိကြောင်း၊ ဂြိုလ်တုစလောင်း(၁၆)လုံး၊ mpt၊ telenol၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ် အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင် အခြေခံအဆောက်အဦအနေဖြင့် သစ်အိမ် သွပ်မိုး ပျဉ်ကာ၊ သွပ်မိုး ထရံကာ၊ ဝါးအိမ် သွပ်မိုး ထရံကာ အဆောက်အဦများသာ ရှိပါသည်။ ကုန်စည်ကူးသန်းရောင်းဝယ်မှုအနေဖြင့် အနီးဆုံး(၆)မိုင်ကွာဝေးသော ရွာ:ခဲမြို့နှင့် အဝေးဆုံး(၉)မိုင် (၂)ဖာလုံကွာဝေးသော ဇလွန်မြို့သို့သွားရောက်ပြီး စားသောက်ကုန် (ကုန်စိမ်း၊ကုန် ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂ များဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက်(၂၂)မိုင် အထက်ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ ကား/ ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ လှေ(၆၈)စီး၊ စက်ဘီး(၁၆)စီး၊ မော်တော် ဆိုင်ကယ်(၂၈)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ထော်လာဂျီ(၆) တို့ ဖြစ်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

စစ်ကုန်းကျေးရွာတွင်လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲ မှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုးဘိုစုကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လူထု အခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့်ပတ်သက်သော နည်းပညာများ၊ လက်ကမ်းစာစောင်များ၊ သင်တန်းများ လာရောက်ပြုလုပ်တတ်ပါသည်။ ရွာတည်ငြိမ်အေးချမ်းရေးအတွက် ရဲဘက်ဆိုင်ရာများမှ မှုခင်းကာကွယ်တားဆီးလျှော့ချရေးဝန်ဆောင်မှုများ ပေးလေ့ရှိပါသည

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**
**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

စစ်ကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများမှာ ကျေးရွာသည် ပျဉ်းမကုန်း-ရှမ်းစု လမ်းမကြီး ကပ်လျက်တွင် တည်ရှိခြင်း၊ ကျေးရွာစာသင်ကျောင်းရှိခြင်း၊ ကျေးရွာသည် ငွေကြေးခက်ခဲမှုရှိသော်လည်း သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဝဝ ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံးအောင်မြင်အောင် ဆောင်ရွက်ကြခြင်းတို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း အမျိုးသားများနှင့်အတူ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

စစ်ကုန်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး လုပ်ကိုင်စားသောက်ရသော ကျေးရွာတစ်ရွာဖြစ်သောကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပန္နယားအင်းလုပ်ငန်းနှင့် အဓိက ရင်ဆိုင်နေရပါသည်။ ပန္နယားအင်း၏ ခေတ်အဆက်ဆက်ပုဂ္ဂလိကအင်းသားကြီးများ၏ အင်းစည်း ကမ်းချိုးဖောက်ဆောင်ရွက်နေမှုများကြောင့် ရေးနှစ်ပေါင်းများစွာကပင် စပါးပင်များ ရေကြီးနစ်မြုပ် မှုကို နှစ်ပေါင်းများစွာရင်ဆိုင်နေရပြီး စပါးစိုက်တောင်သူများမှ တစ်နှစ်နှစ်ထပ်ပြန်စိုက်နေရပါသည်။ ထိုသို့ ပြန်စိုက်ပျိုးရာတွင် လုပ်အားခ၊ဓာတ်မြေဩဇာအထပ်ထပ်သုံးစွဲမှုကြောင့် ကုန်ကျစရိတ်များပြီး ရာသီလွန်စွာ စပါးသီးနှံများ မအောင်မြင်ခြင်း စသည့်အခက်အခဲများ နှစ်ပေါင်း(၄၀)ရင်ဆိုင်နေရ သဖြင့် ကျေးလက်နေလယ်သမားများ/နေ့စားများ ဆင်းရဲဒုက္ခများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

အထက်ပါအခက်အခဲများကို ပြေလည်အောင်ဖြေရှင်းနိုင်ရန်အတွက်ကျွန်ုပ်ဦးစိုးလွင် ဦးဆောင်သော တောင်သူဦးရေ(၂၀၀)ခန့် ဇလွန်မြို့နယ်၊ အင်းတရော်အုပ်စု၊ ရေမြုပ်ကေ (၉၈၀) ကေ၊ မင်းဒရယ်ကျေးရွာအုပ်စု(၉၀)ကေ၊ ဟင်္သာတမြို့နယ် တောင်ကလုံကျေးရွာအုပ်စု (၅၅၀) ကေ၊ ပေါက်တန်းကြီးကျေးရွာအုပ်စု (၃၆၀)ကေ၊ စုစုပေါင်း (၁၉၈၀)ကေခန့်မှာ ပုဂ္ဂလိကအင်းသားကြီး များ၏ အင်းစည်းကမ်းချိုးဖောက်မှုကြောင့် ပျက်စီးဆုံးရှုံးသော လယ်ကေများ၏ စာရင်းများအား ပြုစုပြီး ၂၀၁၃တွင် ဇလွန်မြို့ (မယကရုံး၊ စိုက်ပျိုးရေးရုံး၊ ငါးလုပ်ငန်း)၊ ဟင်္သာတခရိုင် (မယကရုံး၊ မယကရုံး၊ စိုက်ပျိုးရေးရုံး၊ ငါးလုပ်ငန်း)နှင့် သက်ဆိုင်ရာအထက်အဆင့်ဌာနများသို့ တင်ပြ ခဲ့သော်လည်း ၂၀၁၃ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ အကောင်းဆုံးလုပ်ကိုင်ဆောင်ရွက်မှုများ မရရှိခဲ့ပါ။

၂၀၁၆ခုနှစ်တွင် သက်ဆိုင်ရာဌာနများ၏ စီမံဆောင်ရွက်မှုများကြောင့် စစ်ကုန်းကျေးရွာ ဦးစိုးလွင်ဦးဆောင်သောတောင်သူအစုအဖွဲ့မှာ ပန္နယားအင်းအား လုပ်ကိုင်ဆောင်ရွက်စေခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဇလွန်မြို့နယ်/ဟင်္သာတခရိုင်/ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန တို့နှင့် အင်းသားဟောင်းများ ဟန့်တားနှောက်ယှက်မှုများကိုလည်း အခက်အခဲများစွာ ရင်ဆိုင် ဖြေရှင်းခဲ့ရပါသည်။ ၂၀၁၆ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ ပန္နယားအင်းအား ဆောင်ရွက်ခွင့်ရခဲ့ပါသဖြင့် အထက်ပါလယ်ကေပေါင်းများစွာ ရေကြီးနစ်မြုပ်မှုမှ ကင်းလွတ်ပြီး စပါးသီးနှံများ တစ်ထပ်စိုက် ဖြင့် အောင်မြင်စွာစိုက်ပျိုးနိုင်သည့်အပြင် ဆင်းရဲနွမ်းပါးပြည်သူများအတွက် တံငါလုပ်ငန်းများ အလွယ် တကူဆောင်ရွက်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အထိုက်အသင့် များစွာ အောင်မြင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ စစ်ကုန်းကျေးရွာ၏အဓိကအားထားရာ ပန္နယားအင်းအား မည်သည့် တောင်သူ အစုအဖွဲ့ ခေါင်းဆောင်မဆို အင်းစည်းကမ်းများအား လိုက်နာပြီး နည်းမှန်လမ်းမှန် မျှတစွာ ဦးဆောင်ပါက နိုင်ငံတော်၏အခွန်ဘဏ္ဍာရရှိပြီးလယ်မြေများအောင်မြင်စွာစိုက်ပျိုးနိုင်ခြင်း၊ တံငါ ဖလောင်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ အဆင်ပြေလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုတို့သည် ကျေးရွာတွင်းလမ်း (၁၈၁၅'x၄'x၆") ကွန်ကရစ်လမ်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေး (၁၈၁၅') အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာသန့်ရှင်းသော သောက်သုံးရေအတွက် စက်ရေတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်-

(ခ.၁) ကျွန်ုတို့သည် ကျေးရွာတွင်းလမ်း (၁၈၁၅'x၄'x၆") ကွန်ကရစ်လမ်းအား ကျေးလက်ဦးစီးဌာနအားတင်ပြဆောင်ရွက်သွားမည်။

(ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေး (၁၈၁၅') အကောင်အထည်ဖော်ရရှိရေး လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ.၃)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာသန့်ရှင်းသော သောက်သုံးရေအတွက် စက်ရေတွင်း တူးဖော်နိုင်ရန် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြု စုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော် ထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရ ထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ် ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစား ပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

(က) ကျေးရွာတွင်းလမ်းကွန်ကရစ်**ခင်းခြင်း**

စစ်ကုန်းကျေးရွာ ရွာတွင်းလမ်း (၁၈၁၅'x၄'x၆") ကွန်ကရစ်လမ်း အား ရာသီမရွေးသွားလာ ဆက်သွယ်မှုပြုနိုင်ရေး ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

**(ခ) လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း**

စစ်ကုန်းကျေးရွာ ရွာတွင်းပေ(၁၈၁၅)အား လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှ လည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

(ဂ) စက်ရေတွင်းတည်ဆောက်ခြင်း

စစ်ကုန်းကျေးရွာသည် အိမ်ထောင်စု(၁၀၈)စုအနက် အိမ်ထောင်စု(၄၅)လုံးမှာ တုံကင်တွင်း အသုံးပြုကြကြောင်း၊ ကျန်းမာသန့်ရှင်းသော သောက်သုံးရေဖူလုံမှုမရှိသည့်အတွက် ကျေးလက်ဦး စီးဌာနမှ ဆောင်ရွက်နေသော စက်ရေတွင်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ချိတ် ဆက် ဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း

(၂) လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း

(၃) စက်ရေတွင်းတည်ဆောက်ခြင်း

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်**ခင်းခြင်း** | ၁ | ✔ | | | | |
| ၂။ | **လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း** | ၂ | | ✔ | ✔ | | |
| ၃။ | စက်ရေတွင်းတည်ဆောက်ခြင်း | ၃ | | | ✔ | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင် ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျက်ပမာဏ တွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

<table>
<tr><th rowspan="3">စဉ်</th><th rowspan="3">စီမံချက်</th><th rowspan="3">ရန်ပုံ ငွေ (သိန်း)</th><th colspan="4">ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)</th></tr>
<tr><th rowspan="2">သာမန် အသုံး စရိတ်</th><th colspan="2">ငွေလုံးငွေရင်း အသုံးစရိတ်</th><th rowspan="2">လူသား ချင်းစာနာ မှုဆိုင်ရာ ထောက်ပံ့ မှု</th></tr>
<tr><th>ငွေလုံး ငွေရင်း သုံးစရိတ်</th><th>စွမ်းဆောင် ရည်မြှင့် တင်ရေး</th></tr>
<tr><td>၁။</td><td>ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း</td><td></td><td></td><td>✔</td><td></td><td></td></tr>
<tr><td>၂။</td><td>လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း</td><td></td><td></td><td>✔</td><td></td><td></td></tr>
<tr><td>၃။</td><td>စက်ရေတွင်းတည်ဆောက်ခြင်း</td><td></td><td></td><td>✔</td><td></td><td></td></tr>
</table>

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီး သီး၊ ကော်မတီအသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေ ခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကို လည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့် ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦး ဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်း များ သတ်မှတ်မည်။

